# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၁၉ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၉-၂-၂၀၁၅ ] ( ကြာသပတေးနေ့ )

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးသိန်းရီ၊ ထန်းတပင် မဲဆန္ဒနယ်၏ **လယ်သမားများ အငြင်းပွားမှုကိစ္စတွင် အနိုင်ရရှိသူ လယ်သမားများ အေးချမ်းစွာ ဆောင်ရွက်နိုင်ရေးနှင့် အုပ်စုဖွဲ့အနိုင်ကျင့်မှုများကို ကာကွယ်နိုင်ရန် ဥပဒေများ၊ နည်းဥပဒေများ အသစ်ပြဋ္ဌာန်းရန်နှင့် ပြင်ဆင်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၏ **မြို့နယ်များတွင် အရက်လိုင်စင်စီကို မည်ကဲ့သို့ ခွင့်ပြုချထားပြီး အရက်ဆိုင် ဖွင့်လှစ်ရောင်းချရာ၌ ဥပဒေအရ မည်ကဲ့သို့ လိုက်နာဆောင်ရွက်မည်နှင့် အရည်အသွေးစံကို မည်သည့်အဖွဲ့အစည်းမှ မည်ကဲ့သို့ စစ်ဆေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်က **"အဝေးပြေးလမ်းမကြီးများ ဖြစ်ကြသော AH-1, AH-2 လမ်းမဘေးများတွင် မူလကတည်းက မူလလမ်းမကြီးအကျယ် ပေ(၁၀၀) သတ်မှတ်ချက်ဘေးတွင် နေထိုင်ကြသော ပြည်သူများအား ယခုအခါ လမ်းမကြီးအကျယ် ပေ(၂၃၀) သတ်မှတ်သဖြင့် လမ်းမကြီးဥပဒေ အသစ်အရ ကျူးကျော်ဟု သတ်မှတ်ပြီး တရားစွဲဆို အရေးယူ အပြစ်ပေးခြင်းများ ရှိလာနိုင်သဖြင့် မူလကတည်းက တည်ရှိသော မြို့/ရွာလမ်းမဘေးနေ အိမ်ခြံဝန်းများအား တရားစွဲဆို အရေးယူခြင်းမှ ကင်းလွတ်ခွင့်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"အမြန်လမ်းမကြီး ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၀ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။